

**ရှာဘစ်အေမိုဟစ်**

**စီမံကိန်းခေါင်းဆောင်၊ Equitable Growth, Finance and Institutions, East Asia and Pacific**

ရှာဘစ်အေမိုဟစ်သည် ကမ္ဘောဒီးယား၊လာအို၊ မလေးရှား၊မြန်မာနှင့်ထိုင်းနိုင်ငံတို့ပါဝင်သော ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှဌာန၏ စီမံကိန်းခေါင်းဆောင်ဖြစ်ပြီး ပါကစ္စတန်နိုင်ငံသားတစ်ဦးဖြစ်သည်။ ဘန်ကောက်မြို့တွင်အခြေစိုက်ပြီး Governance အဖွဲ့မှ ခေါင်းဆောင်စီးပွားရေးပညာရှင်လည်း ဖြစ်သည်။ မစ္စတာမိုဟစ်သည် ကမ္ဘာ့ဘဏ်၏ ဘန်ကောက်ရုံးတွင် ၂၀၀ရခုနှစ်တွင်စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် ဆန်းစစ်လေ့လာရေးလုပ်ငန်းများ၊ စီမံကိန်းများနှင့် ကမ္ဘာ့ဘဏ်အတွက် နည်းပညာ ထောက်ပံ့ရေး အစီအစဉ်များ၏ အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး ဒေသတွင်း ပြည်သူ့အသုံးစရိတ်စီမံခန့်ခွဲရေး ကွန်ယက်ကို တာဝန်ယူအုပ်ချုပ်သူလည်းဖြစ်ပါသည်။

ထိုင်းနိုင်ငံတွင် ၎င်းတာဝန်ယူရသည့် အပိုင်းများမှာ အုပ်ချုပ်ရေး၊ မက်ခရိုစီးပွားရေးနှင့် ငွေရေးကြေးရေးစီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးနှင့် ဈေးကွက်၊ ကုန်သွယ်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းစသည့် အဖွဲ့ခွဲများဖြစ်ပြီး ၎င်းတို့ကိုချိတ်ဆက်ကာ လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ အရှေ့တောင်အာရှဌာနမှ ပုဂ္ဂလိကနှင့်အစိုးရပူးပေါင်းဆောင်ရွက်ရေးနှင့် ကျားမ တန်းတူညီမျှရေးတို့တွင် စီမံကိန်းခေါင်းဆောင်လည်း ဖြစ်သည်။ မစ္စတာ မိုဟစ်သည် ထင်ရှားသော နိုင်ငံတကာအတွေ့အကြုံများရှိပြီး ယခင်က ဥရောပနှင့် အရှေ့အာရှဒေသတို့တွင် လုပ်ကိုင်ခဲ့ပြီး တန်ဇန်းနီးယား နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အကြီးတန်းမူဝါဒကျွမ်းကျင်ပညာရှင်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ နောက်ဆုံးရသတင်းအချက်အလက်များ အပါအဝင် ကမ္ဘာ့ဘဏ်၏နိုင်ငံတကာ အစီရင်ခံစာ စာအုပ်များတွင်လည်း ပုံမှန်ပါဝင်ရေးသားလျက်ရှိသည်။ မစ္စတာမိုဟစ်သည် ကမ္ဘာ့ဘဏ်ကို Young Professional အဖြစ် ၂၀၀၃ခုနှစ်တွင် ပထမဆုံးစတင်ဝင်ရောက်ခဲ့သည်။

မစ္စတာမိုဟစ်သည် အောက်စဖို့ဒ်တက္ကသိုလ်မှ စီးပွားရေးဘွဲ့လွန်ဘွဲ့ရရှိထားပြီး လန်ဒန်ကောလိပ် တက္ကသိုလ်မှ စီးပွားရေး ဂုဏ်ထူးဆောင်ဘွဲ့ဖြင့် ကျောင်းပြီးခဲ့သည်။